# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး

# ၁၃ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၃ - ၆ - ၂၀၁၇ ]

# (အင်္ဂါနေ့)

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၃ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ကယားပြည်နယ် အတွင်းရှိ အဓိက ရေလှောင်တမံကြီးဖြစ်သည့် မိုးပြဲရေလှောင်တမံနှင့် ငွေတောင်ရေလှောင်တမံ(၂)ခုမှ ဆည်/ကန်/ချောင်း/ရေတံခါး/တာတမံ နှင့် လယ်ယာကုန်ထုတ်လမ်း၊ တံတားများကို အဆင့်တိုးမြှင့် ပြန်လည်ပြုပြင် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ စိုင်ခြုံတာတမံကို ပြီးစီးသည်အထိ ဆက်လက် တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဒေါ်အိအိပြုံး၊ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **ရော၀တီတိုင်းဒေသကြီး၊ မအူပင်ခရိုင်အတွင်းရှိ မအူပင်မြို့နယ် နှင့် ညောင်တုန်းမြို့နယ်များတွင် ခွင့်ပြုချက်မရရှိဘဲ ငါး၊ ပုစွန်ကန်များ တူးထားခြင်းအား လယ်ယာမြေဥပဒေပုဒ်မ ၁၉ အရ အရေးယူ ဆောင်ရွက်ပေးရန်နှင့် နိုင်ငံတော်သို့ အခွန်များ မှန်ကန်စွာရရှိနိုင်ရေး** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ဆူးရာဇ်ချောင်း-ကုတိုး လမ်းပိုင်းပေါ်ရှိ ၎/စလောင်းပေါက်ချောင်းကူး သံကူကွန်ကရစ် တံတား တစ်စင်း တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ချင်းပြည်နယ် အလယ်ပိုင်း ရေဇွာမြို့မှ အိန္ဒိယနယ်စပ်ရှိ လိုင်လင်းပီမြို့ကြား ဆက်သွယ်နေသော ကားလမ်းကို ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်း ခင်းပေးရန်နှင့် အတက်အဆင်းကြမ်းသော ၃ မိုင်ခန့်ကို လမ်းအူကြောင်းပြောင်းလဲဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်အလိုက် လျာထားသတ်မှတ်ပေးသော လမ်းများ၊ တံတားများ၊ ကျောင်းများ၊ ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများနှင့် ဈေးများ စသည်တို့ တည်ဆောက်မှုတွင် B.P, B.Q လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဒေသခံ ပြည်သူလူထု သိရှိစောင့်ကြည့် လေ့လာနိုင်ရေးအတွက် ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၁၄ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။